ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့

အမိန့်ကြော်ငြာစာအမှတ် ၄၉ /၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) အရလည်းကောင်း အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်တွင်းပြည်ပအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် နိုင်ငံတော်သို့ တိုက်ရိုက်လှူဒါန်းသည့် ကုန်စည်များအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ နိုင်ငံတော်သို့ တိုက်ရိုက်ပေးအပ်သည့် အထောက်အပံ့ငွေ သို့မဟုတ် ကုန်စည်များအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုလိုက်သည်။

၂။ နိုင်ငံတော်သို့ တိုက်ရိုက်လှူဒါန်းသည့် ကုန်စည် သို့မဟုတ် အထောက်အပံ့ငွေ သို့မဟုတ် အထောက်အပံ့ကုန်စည်ဖြစ်ကြောင်း သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့တင်ပြ၍ အတည်ပြုချက် တောင်းခံဆောင်ရွက်ရမည်။ သို့ရာတွင် ဤအမိန့်ကြော်ငြာစာပါကင်းလွတ်ခွင့်သည် နိုင်ငံတော်သို့တိုက်ရိုက်လှူဒါန်းခြင်း၊ တိုက်ရိုက်ထောက်ပံ့ခြင်းမဟုတ်ဘဲ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ တစ်ဦးချင်းပုဂ္ဂိုလ်များသို့ လှူဒါန်းခြင်း၊ ထောက်ပံ့ပေးခြင်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၈ ခုနှစ်၊ မေလ (၁) ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

စာအမှတ်၊ ၂၀၇ / ၁၆၅-အဖရ (ကုန်စည်ခွန်)/(ဖ/၂၀၁၈)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်။